

အထူးအစီရင်ခံစာ

# မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ ၏ သက်ရောက်မှုများအား တုံ့ပြန်ဆောင်ရွက်ချက်များနှင့် ပြန်လည်ထူထောင်မှုများအပေါ် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ အထောက်အကူပြုမှုများ

RECOFTC

FAO - EU FLEGT PROGRAMME

Food and Agriculture Organization of the United Nations

Sweden Sverige

UKaid from the British people

# ရှင်းလင်းထုတ်ပြန်ဖော်ပြချက်

မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ ၏ သက်ရောက်မှုများအား တုံ့ပြန်ဆောင်ရွက်ချက်များနှင့် ပြန်လည်ထူထောင်မှုများအပေါ် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၏ အထောက်အကူပြုမှုများ

ဤစာအုပ်ကို အသိပညာပေးနိုင်ရေးအတွက်ဖြစ်စေ၊ စီးပွားဖြစ်မဟုတ်သောရည်ရွယ်ချက်များအတွက်ဖြစ်စေ ပြန်လည်ထုတ်ဝေမှုများအတွက် မူရင်းစာအုပ်အား အလုံးစုံအသိအမှတ်ပြု၍ ဆောင်ရွက်ပါက မူပိုင်ခွင့်ပိုင်ဆိုင်ထားသူများထံမှ စာဖြင့်ရေးသားထားသည့်ခွင့်ပြုချက်အား ကြိုတင်တောင်းခံရန် မလိုဘဲ ဆောင်ရွက်နိုင်ပါသည်။ ဤစာအုပ်ကို မူပိုင်ခွင့်ပိုင်ဆိုင်ထားရှိသူ၏ စာဖြင့်ခွင့်ပြုချက်မရရှိထားဘဲ ပြန်လည်ရောင်းချရန်သော်လည်းကောင်း၊ စီးပွားဖြစ်ဖြန့်ဝေနိုင်ရန်လည်းကောင်း ပုံနှိပ်ထုတ်ဝေမှုများအား တားမြစ်ပိတ်ပင်သည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အခြေစိုက်သည့် လူနှင့်သစ်တောများ ဗဟိုဌာန – RECOFTC @RECOFTC က ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသည်။

ဤစာတမ်းတွင် ဖော်ပြထားသည့် ရှင်းလင်းဆွေးနွေးချက်များသည် ရေးသားပြုစုသူများ၏ အာဘော်သာဖြစ်ပြီး လူနှင့်သစ်တောများ ဗဟိုဌာန–RECOFTC ၏ အမြင်သဘောထားများကို ထင်ဟပ်ဖော်ပြခြင်းမဟုတ်ပါ။ ဤစာတမ်းအား ဥရောပသမဂ္ဂ (EU) ၏ ငွေကြေးထောက်ပံ့မှုဖြင့် ထုတ်ဝေထားပါသည်။ ဤစာတမ်းပါ အကြောင်းအရာများမှာ ရေးသားပြုစုသူများနှင့်သာသက်ဆိုင်ပြီး ဥရောပသမဂ္ဂ (EU)၊ ဥရောပကော်မရှင် (EC)၊ ကုလမသဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ဆွီဒင်နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ(Sida)၊ ယူကေနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဦးစီးဌာန(DFID)၊ လူနှင့်သစ်တောများ ဗဟိုဌာန – RECOFTC ၏ အခြားသော ကူညီပံ့ပိုးသူများ၊ အလှူရှင်များစသည်တို့၏ အမြင်သဘောထားများကို မည်သို့သောနည်းနှင့်မျှ ထင်ဟပ်ဖော်ပြခြင်းမရှိချေ။

# မြန်မာနိုင်ငံရှိ ကိုဗစ်-၁၉ ၏ သက်ရောက်မှုများအား တုံ့ပြန်ဆောင်ရွက်ချက်များနှင့် ပြန်လည်ထူထောင်မှု များအပေါ် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ အထောက်အကူပြုမှုများ

## အထူးအစီရင်ခံစာ

နိုဝင်ဘာ ၂၀၂၁



# အထူးအစီရင်ခံစာ

၂၀၂၀ ပြည့်နှစ်တွင် စတင်ပျံ့နှံ့ဖြစ်ပွားခဲ့သော ကိုဗစ် ၁၉ ကပ်ရောဂါသည် အသက်မွေးမှု လုပ်ငန်းများနှင့် ဝင်ငွေရလုပ်ငန်းများ အတွက် သစ်တောများအပေါ် လွန်စွာမှီခိုအားထားလျက်ရှိသည့် ကမ္ဘာပေါ်ရှိ အနွမ်းပါးဆုံးနှင့် ခွဲခြားဖယ်ကျဉ်မှုခံရသည့် လူသားများအပေါ် စိန်ခေါ်မှုများစွာ ဖြစ်ပေါ်စေလျက်ရှိသည်။ ၎င်းအုပ်စုများ၏ သစ်တောများကို အသုံးပြုသည့်နည်းလမ်းများမှာ နိုင်ငံတနိုင်ငံတည်းအတွင်း သာမက နိုင်ငံများအကြားတွင်ပါ များစွာကွဲပြားမှု ရှိသော်လည်း ဒေသခံပြည်သူများသည် သစ်တောအသုံးပြုခွင့်ကို တရားဝင်ရရှိထားပါက လူသားများနှင့် သစ်တောများအတွက် အကျိုးစီးပွားများစွာဖြစ်ထွန်းကြကြောင်းကို သက်သေပြနိုင်သည့် အထောက်အထားများရှိပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုသည်မှာ မိမိတို့ဒေသရှိ သစ်တောများအား စီမံခန့်ခွဲ၊ ထိန်းသိမ်းကာကွယ်ပြီး သစ်တောများမှရရှိသော အကျိုးအမြတ်များ ခံစားနိုင်စေရန် ဒေသခံပြည်သူလူထုအား လုပ်ပိုင်ခွင့်ပြုထားသည့် ချဉ်းကပ်ဆောင်ရွက်မှုများအားလုံးကိုဆိုလိုသည့် ကျယ်ပြန့်သော ဝေါဟာရတခုပင်ဖြစ်သည်။ ဒေသခံပြည်သူများ၏ အသက်မွေးမှုများ တိုးတက်ကောင်းမွန်လာစေခြင်း၊ ပြည်သူအစုအဖွဲ့များ၏ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းတည်ဆောက်မြှင့်တင် ပေးနိုင်ခြင်းနှင့် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုကို ဖြစ်စေခြင်း စသဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်း၏ အကျိုးကျေးဇူးများကို သုတေသနပြုလေ့လာချက်များက ဖော်ထုတ်ဆွေးနွေးတင်ပြထား ရှိပြီးဖြစ်ပါသည်။ သို့သော်လည်း ဘေးအန္တရာယ် (သို့) အကြပ်အတည်းများ ကြုံတွေ့ရစဉ်နှင့် ဖြစ်ပွားပြီးနောက်ပိုင်းကာလများတွင် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းသည် လူမှုရေး နှင့် စီးပွားရေးဆိုင်ရာ ပြည့်စုံစိတ်ချမှုကို ဖြစ်စေသည့် အစီအမံ (သို့) လုပ်ငန်းတစ်ရပ် ဖြစ်မဖြစ် နှင့်ပတ်သက်၍ သုတေသနပြုလေ့လာမှုများစွာ မရှိသေးပေ။ ကိုဗစ်–၁၉ ကပ်ရောဂါသည် အဆိုပါမေးခွန်းကို စူးစမ်းလေ့လာအဖြေရှာနိုင်သည့် အခွင့်အလမ်းတရပ်ကို ပေါ်ပေါက်စေခဲ့ပါသည်။

ကပ်ရောဂါဖြစ်ပွားစဉ် (သစ်တောများအပေါ် မှီခိုလျက်ရှိသည့်) ဒေသခံပြည်သူများ၏ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းကို ဒေသခံပြည်သူအစုအဖွဲ့သစ်တောလုပ်ငန်း(CF)မှ မည်သို့မည်ပုံ အထောက်အကူဖြစ်စေပြီး ယင်းကဲ့သို့ အထောက်အပံ့ဖြစ်စေသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို သိရှိနားလည်သဘောပေါက်ရန် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာ နှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဆန္ဒရှိခဲ့ပါသည်။ သို့ဖြစ်ရာ FAO အဖွဲ့သည် လူ နှင့် သစ်တောများ ဗဟိုဌာန (RECOFTC) နှင့် မိတ်ဖက်ပြုကာ ဤလေ့လာချက်အား ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ နီပေါ၊ ထိုင်းနှင့် ဗီယက်နမ်စသော အာရှနိုင်ငံ ၇ နိုင်ငံတွင် ဆောင်ရွက်ခဲ့ပါသည်။

သစ်တောမှီခိုသည့် ဒေသခံပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါနှင့် ရောဂါကန့်သတ် ထိန်းချုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များအား မည်သို့မည်ပုံ ရင်ဆိုင်ကျော်လွှားခဲ့ကြသည်ကို သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ဤလေ့လာချက်အား ဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့် ကပ်ရောဂါရင်ဆိုင်ကြုံတွေ့ရစဉ် ဒေသခံတို့အား အထောက်အကူပြုခဲ့သည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ စနစ်များ၏ အရေးပါမှု နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ပြန်လည်နာလန်ထသန်စွမ်းလာစေရန် လိုအပ်သော အကူအညီ/အထောက်အပံ့ အမျိုးအစားများကို ဤသုတေသနက စူးစမ်းလေ့လာခဲ့ပါသည်။

ဤသုတေသန၏ ပထမအဆင့်တွင် (နိုင်ငံတခုချင်းစီမှလူပေါင်း ၆၀ ဦးပါဝင်သည့်) လူပေါင်း ၄၃၅ ဦးခန့်အား စစ်တမ်းကောက်ယူချက်ပြုခဲ့ပါသည်။ စစ်တမ်းကောက်ရာတွင် ဖြေဆိုခဲ့သူများအနက် အကြမ်းဖျင်းအားဖြင့် ၄ ပုံ ၃ ပုံခန့်မှာ တရားဝင်အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အဖွဲ့ဝင်များဖြစ်ကြပြီး ကျန်သူများမှာ မဟုတ်ကြပေ။[1] RECOFTC အဖွဲ့သည် ကပ်ရောဂါဖြစ်ပွားသည့် ကာလများဖြစ်သည့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ နှင့် ဩဂုတ်လတို့တွင် ဤကနဦးစစ်တမ်းအားကောက်ယူခဲ့ပြီး ကပ်ရောဂါ နှင့် ရောဂါထိန်းချုပ်ရန် ကန့်သတ်ချက်များသည် နေ့စဉ်လူမှုဘဝ နှင့် အသက်မွေးမှုလုပ်ငန်းများအပေါ် သက်ရောက်မှုများအား ဦးတည်မေးမြန်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ နှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတို့တွင် ဆောင်ရွက်ခဲ့သည့် ဤသုတေသန ၏ ဒုတိယအဆင့်တွင် နိုင်ငံ ၇ နိုင်ငံချင်းစီရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၂ ခုမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုခဲ့ပါသည်။ RECOFTC အဖွဲ့သည် (သုတေသန၏ ပထမအဆင့် တွေ့ရှိချက်များ (သို့) RECOFTC နှင့် မိတ်ဖက်အဖွဲ့များ၏ ထိတွေ့ဆက်ဆံဆွေးနွေးချက်များကို အခြေခံ၍) ကပ်ရောဂါအား ကောင်းစွာတုံ့ပြန်ရင်ဆိုင်နိုင်ပုံရသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများနှင့် ကပ်ရောဂါအား ထိရောက်စွာရင်ဆိုင်နိုင်မှုမရှိသော အစုအဖွဲ့ပိုင် သစ်တောအဖွဲ့ဝင် ဒေသခံများအား (နှိုင်းယှဉ်လေ့လာနိုင်ရန် ၁ နိုင်ငံလျှင် တဖွဲ့စီဖြင့်) ရွေးချယ်ခဲ့ပါသည်။



# အဓိကတွေ့ရှိချက်များအနှစ်ချုပ်

ယခုစစ်တမ်းလေ့လာချက်များအရ သစ်တောများသည် နိုင်ငံ ၇ နိုင်ငံတွင်နေထိုင်ကြသော ဒေသခံ ပြည်သူများအား ထင်းလောင်စာ၊ ကုန်ကြမ်းပစ္စည်း၊ အစားအစာ၊ ဆေးဝါး၊ ဝင်ငွေ၊ အပန်းဖြေအနားယူမှုနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ တန်ဖိုးများအပါအဝင် အသုံးပြုမှုနှင့် ထွက်ကုန်များစွာကို ထောက်ပံ့ပေးလျက်ရှိကြောင်းသိရှိရသည်။ လူအများစုမှာ သစ်တောထွက်ပစ္စည်းများကို ၎င်းတို့အိမ်သုံးနှင့် ရောင်းချရန်အတွက် ရယူစုဆောင်းကြပြီး ပထမအဆင့်တွင် ကောက်ယူသည့် စစ်တမ်းဖြေကြားသူ အများစု (၇၄ ရာခိုင်နှုန်းခန့်) က စိုက်ပျိုးရေးထွက်ကုန်ရောင်းချခြင်းမှာ ၎င်းတို့၏ ပင်မဝင်ငွေ အရင်းအမြစ်ဖြစ်ကြောင်း ပြောဆိုဖြေကြားခဲ့သည်။

ကပ်ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ပိတ်ပင်ချက်များ၏ အသက်မွေးမှုလုပ်ငန်းနှင့် အစာရေစာဖူလုံမှုအပေါ် ဆိုးကျိုးသက်ရောက်မှုများကို ဖြေကြားသူအုပ်စုအားလုံးတွင် ခံစားရသည်ကို တွေ့ရှိရသည်။ ပထမအဆင့် စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများ၏ ၈၀ ရာခိုင်နှုန်းက ၎င်းတို့အနေဖြင့် အဆိုပါဆိုးကျိုးများကို ခံစားရကြောင်း ဖြေဆိုခဲ့ကြသည်။ ခရီးသွားလာမှုကန့်သတ်ချက်များ၊ ထုတ်ကုန်တင်ပို့မှုတားမြစ်ခြင်းနှင့် အရောင်းအဝယ်ရပ်ဆိုင်းမှုများသည် ဝင်ငွေကျဆင်းမှုကိုဖြစ်စေပြီး တင်သွင်းကုန် အစားအစာများအတွက် ကုန်ကျစရိတ်မြင့်မားလာကာ အိမ်ထောင်စုများ၏ ဝင်ငွေထွက်ငွေမျှချေအပေါ် ဖိအားဖြစ်စေခဲ့ပါသည်။

မြို့ပြများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်သူများမှာ အလုပ်လက်မဲ့ဖြစ်ပြီး ၎င်းတို့၏ဇာတိ ကျေးရွာများသို့ ပြန်လည်နေထိုင်လာကြသဖြင့် သစ်တောမှီခိုဒေသခံများ ကြုံတွေ့နေရသည့် စီးပွားရေး ဆိုင်ရာဝန်ထုပ်ဝန်ပိုးအား ပိုမိုဖိစီးတိုးပွားစေပါသည်။ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့တွင် တရားမဝင် မှောင်ခိုလုပ်ငန်းများ တိုးမြင့်လာမှုမှာ စိုးရိမ်ဖွယ်ဖြစ်ပြီး ဒေသခံများမှာ ရံဖန်ရံခါတွင် ပါဝင်ကျူးလွန်လာကြကြောင်း သုတေသန ပထမအဆင့် စစ်တမ်းတွင် ဖြေဆိုသူ ၅ ဦးအနက် ၁ ဦးက ဆွေးနွေးပြောကြားခဲ့သည်။

ကပ်ရောဂါဆိုင်ရာ ကန့်သတ်တားမြစ်ချက်များမှာ အမျိုးသားနှင့် အမျိုးသမီးများအပေါ် သက်ရောက်မှုများသည် မတူညီကြချေ။ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ကန့်သတ်ပိတ်ဆို့ တားမြစ်ချက်များသည် အသက်မွေးမှု နှင့် အစာရေစာဖူလုံမှုတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများရှိကြောင်း စစ်တမ်းဖြေဆိုသူ အမျိုးသားများထက် ဖြေဆိုသူအမျိုးသမီးများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ သုတေသနပြုဆောင်ရွက်သည့် နိုင်ငံအသီးသီးရှိ အမျိုးသားများထက်ပို၍ အမျိုးသမီးများသည် သားသမီးများကို အိမ်တွင် စာသင်ကြားပေးရခြင်း နှင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုပေးရခြင်းတို့အတွက် ပိုမိုများပြားသည့် အလုပ်များ လုပ်ကိုင်လာရကြောင်း ဖြေဆိုကြသည်။ အထူးသဖြင့် ဗီယက်နမ် နိုင်ငံတွင် (၁၃ ရာခိုင်နှုန်းသော) စစ်တမ်းဖြေဆိုသူများက အိမ်တွင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွား ကြုံတွေ့ရကြောင်း ဖြေဆိုခဲ့သည်။

ဤလေ့လာချက်အရ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများသည် ဒေသခံပြည်သူများ၏ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းကို နည်းလမ်းအမျိုးမျိုးဖြင့် မြှင့်တင်ပေးနိုင်ကြောင်း တွေ့ရှိရသည်။ ခရီးသွားလာမှုကန့်သတ်ချက်များသည် လူများအား ဈေးကွက်များသို့သွားလာမှုနှင့် သစ်တောထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုတို့ကို ဟန့်တားလျက်ရှိသော်လည်း လူအများစု၏ သစ်တောအတွင်းသို့ ဝင်ရောက်ပြီး သစ်တောထွက်ပစ္စည်းများကို အိမ်ထောင်စုလိုအပ်ချက် အတွက် ထုတ်ယူသုံးစွဲမှုများကိုမူ ပိတ်ပင်နိုင်ခဲ့ခြင်းမရှိချေ။ ၇ နိုင်ငံလုံးရှိ စစ်တမ်းဖြေဆိုသူများက သွားလာမှုကန့်သတ် ပိတ်ပင်ထားစဉ်ကာလအတွင်း ၎င်းတို့၏ အစုအဖွဲ့ပိုင်သစ်တောစီမံခန့်ခွဲမှု ကော်မတီသည် ၎င်းတို့ သစ်တောအား တရားဝင်ခိုးထုတ်မှုများနှင့် ဝင်ရောက်ကျူးကျော်မှုများ (သို့) ခိုးဝင်အမဲလိုက်မှုများတို့မှ ကာကွယ်ပေးနိုင်ခဲ့သည်ဟု ဖြေကြားကြသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများက အသက်မွေးဝမ်းကျောင်းဆိုင်ရာ အရင်းအနှီးများကို ပိုမိုအားကောင်းစေနိုင်ပြီး ကပ်ရောဂါဖြစ်ပွားပြီးနောက် ဒေသခံပြည်သူများ၏ ပြန်လည်ထူထောင်မှု လုပ်ငန်းစဉ်တွင်လည်း ၎င်းအရင်းအနှီးများက အထောက်အကူပြုနိုင်ခဲ့သည့် နည်းလမ်းများကို ဤလေ့လာချက်၏ ဒုတိယအဆင့်တွင် ပြုလုပ်သည့် ဆွေးနွေးချက်များအရ ဖော်ထုတ်နိုင်ခဲ့သည်။

**လူစွမ်းအားအရင်းအမြစ်ဆိုင်ရာ အရင်းအနှီးများ** – ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောစီမံခန့်ခွဲမှု ကော်မတီများသည် သတင်းအချက်အလက်များရယူခြင်းနှင့်ဖြန့်ဝေခြင်း၊ နှာခေါင်းစည်း(masks) နှင့် လက်သန့်ဆေးရည်များ ထောက်ပံ့ပေးခြင်း ဆောင်ရွက်ရာတွင်၎င်း၊ သစ်တောများအား ကာကွယ်ခြင်းနှင့် ကျန်းမာရေးနှင့် ခရီးသွားလာမှုကန့်သတ်ချက်များအား လိုက်နာရန် အဖွဲ့ဝင်များအား စည်းရုံးပြောဆိုဆောင်ရွက်ရာတွင် ပြန်ကြားဆက်သွယ်မှု၊ ညှိနှိုင်းပေါင်းစပ်မှုနှင့် ခေါင်းဆောင်မှု ဆိုင်ရာစွမ်းရည်များကို အသုံးပြုခဲ့ကြပါသည်။ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဝင်များကလည်း ၎င်းတို့၏ မိသားစုအတွက် အစားအစာနှင့် ဝင်ငွေများရှာဖွေရာတွင် သင်တန်းတက်၍ဖြစ်စေ၊ အတွေ့အကြုံများမှဖြစ်စေ ရရှိလာသည့် ဗဟုသုတ၊ အသိအမြင်များကို လက်တွေ့အသုံးချနိုင်ခဲ့ပါသည်။

**လူမှုအရင်းအနှီးများ** – ရပ်ရွာဒေသတွင်း စည်းလုံးညီညွတ်မှုသည် အများပြည်သူကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအား အားလုံးတပြေးညီ တိကျစွာလိုက်နာမှုကို ဖြစ်စေခဲ့ပါသည်။ ပြင်ပ အဖွဲ့အစည်းများနှင့် ကောင်းမွန်သော ဆက်ဆံရေးထားရှိခြင်းကြောင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာများထံမှ ငွေရေးကြေးရေးနှင့် ပစ္စည်းပစ္စယ အထောက်အပံ့များ ရရှိခဲ့သည်။ ချိတ်ဆက်ထားသည့် ကုန်သွယ်ရေးကွန်ရက်များကြောင့် ဒေသခံပြည်သူများသည် ၎င်းတို့၏ သစ်တောထွက်ပစ္စည်းများကို ဆက်လက်ရောင်းချနိုင်ခဲ့ပါသည်။

**သဘာဝအရင်းအနှီးများ** – သစ်တောများသည် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ တနိုင်တပိုင် အသုံးပြုမှုများအတွက် (သို့) ဝင်ငွေရရှိစေရန်အတွက် (အဓိကအားဖြင့်) သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများနှင့် (အနည်းငယ်အားဖြင့်) သစ်ကုန်ကြမ်းများ ထောက်ပံ့ပေးခဲ့ပါသည်။ များသောအားဖြင့် သစ်တောသယံဇာတများအပေါ် အများဆုံးမှီခိုရသူများမှာ ဒေသခံအစုအဖွဲ့ပိုင် အဖွဲ့ဝင်များအနက် ဝင်ငွေအနည်းဆုံး အဖွဲ့ဝင်များပင်ဖြစ်လေသည်။

**ငွေကြေးအရင်းအနှီးများ** – စုဆောင်းငွေများသည် မိသားစုများအား ကပ်ရောဂါ၏ ကနဦးရိုက်ခတ်မှုများအား ရင်ဆိုင်ကျော်လွှားနိုင်ရန် အထောက်အကူပြုခဲ့သည်။ သုတေသနပြုလုပ်ရာ နိုင်ငံများပါဝင်သည့် မဲခေါင်အောက်ပိုင်းဒေသတလွှားရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအဖွဲ့ဝင်ပေါင်း ၃ သန်းကျော်သည် ကန့်သတ်တားမြစ်ထားစဉ်ကာလအတွင်း ကပ်ရောဂါအား ရင်ဆိုင်ကျော်လွှားရာတွင် ဒေသခံအစုအဖွဲ့ပိုင် သစ်တောထွက်ပစ္စည်းများ ရောင်းချမှုနှင့် ဝန်ဆောင်မှုများမှရရှိသည့် ဝင်ငွေများ (စုဆောင်းထားရှိသောငွေ) အပေါ် သိသိသာသာမှီခိုခဲ့ရသည်ဟု ဤလေ့လာချက်က ခန့်မှန်းတွက်ချက်ထားပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ရန်ပုံငွေများကြောင့်လည်း ဆောင်ရွက်ဆဲ သစ်တောစီမံအုပ်ချုပ်မှုနှင့် ကင်းလှည့်စစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ လည်ပတ်ရန်ပုံငွေပေးသည့် အစီအစဉ်များသည်အရေးပေါ် ငွေလိုသူများအတွက် အတိုးနှုန်းနည်းနည်းဖြင့် ချေးငွေ ထုတ်ပေးနိုင်ခဲ့ သည်။

**ရုပ်ဝတ္ထုအရင်းအနှီးများ** – အချို့ဒေသများတွင် ဝင်ငွေနည်းပါးသည့်မိသားစုများသည် နေထိုင်ရာ အိမ်ဆောက်လုပ်နိုင်ရန် သစ်များကို အသုံးပြုနိုင်ခဲ့သည်။ အရပ်ဒေသတခုတွင် အစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအဖွဲ့က လှူဒါန်းသည့်သစ်ဖြင့် ဆောက်လုပ်သည့် အဆောက်အဦးတခုသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များမျှဝေရာ ရုပ်ရှာအခြေပြုဌာနဖြစ်ခဲ့လေသည်။

အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများအနေဖြင့် ဖော်ပြပါ အရင်းအနှီးများ ရရှိလာစေမှု (သို့) ပိုင်ဆိုင်ထားရှိမှုကို ဖြစ်စေသည့် အချက်များကိုလည်း ဤလေ့လာချက်တွင် စူးစမ်းဖော်ထုတ်ခဲ့ပါသည်။ အောက်ဖော်ပြပါ အထောက်အကူပြုအချက်များ (တင်ကူးအခြေအနေများ) ဖြစ်ပေါ်လာစေရေး ကြိုးပမ်းချက်များသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများအနေဖြင့် အဖွဲ့ဝင်များ၏ ရင်ဆိုင်တုံ့ပြန်မှုနှင့် လိုက်လျောညီထွေပြုမှုတို့အား မြှင့်တင်ပေးနိုင်စွမ်းတို့ကို ခိုင်မာအားကောင်းလာစေမည်ဟု နိဂုံးချုပ် သုံးသပ်ထားပါသည်–

- ခိုင်မာအားကောင်းပြီး စိတ်ချရသည့် ရေရှည်မြေယာလုပ်ပိုင်ခွင့်ရှိခြင်း
- အရည်အသွေးမြင့်မားပြီး ကျယ်ပြန့်သော သစ်တောဧရိယာများ ပိုင်ဆိုင်ထားရှိခြင်း
- အတန်းစားကျဆင်းလျက်ရှိသည့် သစ်တောများအား ထိရောက်စွာ ပြန်လည်တည်ထောင်ခြင်း
- သစ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း ရောင်းချခွင့်ရရှိထားခြင်း
- ဈေးကွက်လက်လှမ်းမီခြင်း
- ဘဏ္ဍာငွေစာရင်း ဖွင့်ထားပြီး စည်းမျဉ်းချမှတ်စီမံခန့်ခွဲသည့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ရန်ပုံငွေ တရပ်ထားရှိခြင်း
- ဒေသခံပြည်သူများအရေးပေါ်လိုအပ်လာပါက ကူညီပေးနိုင်ရန် အရင်းအနှီးအလုံအလောက်ဖြင့် စီမံသည့် လည်ပတ်ရန်ပုံငွေ အစီအစဉ်ထားရှိခြင်း
- သတင်းအချက်အလက်၊အတွေ့အကြုံနှင့်အထောက်အပံ့များမျှဝေနိုင်ရန် အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းအဖွဲ့ဝင်များ တခုနှင့်တခု ချိတ်ဆက်ကွန်ရက်ထားရှိခြင်း
- ပုဂ္ဂလိကကဏ္ဍအပါအဝင် ပြင်ပမိတ်ဖက်အဖွဲ့များနှင့် ကောင်းစွာ ချိတ်ဆက်မှုရှိခြင်း
- တန်ဖိုးမြှင့်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နိုင်စွမ်းအပါအဝင် အသက်မွေးဝမ်းကြောင်းနည်းလမ်းမျိုးစုံရရှိထားခြင်း
- စဉ်ဆက်မပြတ် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများနှင့် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်သင်တန်း အစီအစဉ်များရှိခြင်း
- ထိရောက်သော ဦးဆောင်မှုနှင့် အားလုံးပါဝင်ဆွေးနွေးဆုံးဖြတ်ချက်ချမှတ်မှုဖြစ်ခြင်း

ယခုလေ့လာချက်အရ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများသည် အရေးပေါ် အကြပ်အတည်းကာလများအတွင်း လုံခြုံစိတ်ချဖူလုံမှုဖြစ်စေသည့် အစီအမံ/လုပ်ငန်းတရပ် ဖြစ်နိုင်သော်လည်း အဖွဲ့ပြင်ပနှင့်အဖွဲ့အတွင်း အပြန်အလှန်သက်ရောက်/ချိတ်ဆက်လျက်ရှိသည့် အချက်များစွာတို့ကြောင့် အဆိုပါ အလားအလာအတိုင်း တကမ္ဘာလုံးအတိုင်းအတာဖြင့် အပြည့်အဝ ဖော်ဆောင်ရရှိနိုင်မှု မရှိသေးကြောင်း သိရှိရသည်။ အထူးသဖြင့် ကျားမတန်းတူညီမျှမှုဆိုင်ရာ အသိအမြင်များ၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်မှု စသည်တို့နှင့်စပ်လျဉ်း၍ လိုအပ်ချက်များစွာ ရှိပေသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုနှင့် အစုအဖွဲ့ပိုင်တော လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ရန်ပုံငွေများ ထူထောင်စီမံခန့်ခွဲပြီး လူမှုရေးမညီမျှချက်များကို သိရှိဖြေရှင်းကာ ကိုဗစ်-၁၉ထိန်းချုပ်ကန့်သတ်ချက်များ၊ ရာသီဥတုဒဏ်အားဖြင့်ဖြစ်စေ၊ ငွေကြေးအားဖြင့်ဖြစ်စေ ထိခိုက်ခံစားလွယ်သည့် နိုင်ငံများအပေါ် သက်ရောက်လာနိုင်သည့် အနာဂတ် ဘေးအန္တရာယ်များ စသည်တို့ကို ရင်ဆိုင်ကျော်လွှားနိုင်သည့် နည်းလမ်းများကို သိရှိနိုင်စေရန် အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်မှုတို့၏ အရေးပါမှုကို ဤလေ့လာတွေ့ရှိချက်များက အလေးပေးဆွေးနွေးထားပါသည်။



# မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် တွေ့ရှိချက်များ

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆိုင်ရာ နောက်ခံအခြေအနေများ

မြန်မာနိုင်ငံတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ဆောင်ရွက်မှုကို ခွင့်ပြုထောက်ခံသည့် မူဝါဒများနှင့် ဥပဒေများမှာ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ၊ ၂၀၁၈ ခုနှစ် သစ်တောဥပဒေ နှင့် ၂၀၁၉ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များစသည်တို့ ဖြစ်ကြသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်သည့် လုပ်ငန်းပုံစံများမှာ (က) စုပေါင်းစီမံအုပ်ချုပ်မှုနှင့် စုပေါင်းပိုင်ဆိုင်မှု (စံနမူနာပုံစံ)၊ (ခ) စုပေါင်းစီမံ အုပ်ချုပ်မှုနှင့်တဦးချင်းပိုင်ဆိုင်မှု၊ (ဂ) စုပေါင်းစီမံအုပ်ချုပ်မှုနှင့် တဦးချင်း/စုပေါင်းပိုင်ဆိုင်မှုစသဖြင့် ၃ မျိုးရှိလေသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ အသုံးပြုသူများအဖွဲ့သည် အစုအဖွဲ့ပိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ လုပ်ငန်းစီမံချက်ကိုရေးဆွဲပြင်ဆင်ရမည်ဖြစ်ပြီး အစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူများအဖွဲ့၏ စီမံခန့်ခွဲမှုကော်မတီက အသုံးပြုသူများ အဖွဲ့၏ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ရမည်ဖြစ်သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာနအနေဖြင့် အစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူများအဖွဲ့တိုင်းသည် အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်မှုရှိစေရန် ကွပ်ကဲလမ်းညွှန်ပေးရမည်ဖြစ်သည်။

လုပ်ပိုင်ခွင့်သက်တမ်းမှာ နှစ် ၃၀ ဖြစ်ပြီး အသုံးပြုသူများ အဖွဲ့၏ သဘောထားဆန္ဒနှင့် အစုအဖွဲ့ပိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံချက် အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုရှိမရှိ စသည်တို့အပေါ် မူတည်၍ ယင်းလုပ်ပိုင်ခွင့်သက်တမ်းအား နှစ် ၃၀ ခန့် သက်တမ်းတိုး မြှင့်ခွင့်ပြုနိုင်လေသည်။ ဝင်ရောက်သွားလာခွင့်နှင့် စီမံခန့်ခွဲခွင့်တို့ကို ခွင့်ပြုထားသော်လည်း အစိုးရဌာနဆိုင်ရာ အသီးသီးက ထုတ်ပြန်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များမှာ ထပ်နေခြင်းကြောင့် ပြင်ပကျူးကျော်သူများအား ဖယ်ရှားခွင့် (Exclusion rights) ပေးထားခြင်းရှိမရှိမှာ မရေရာလှပေ။ လွှဲပြောင်းဆက်ခံခွင့်အား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များတွင် အပြည့်အဝဖော်ပြထားခြင်းမရှိပေ။ (ယင်းညွှန်ကြားချက်များတွင် "သူ/သူမ၏တရားဝင်အမွေဆက်ခံသူများအား ၎င်း၏ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်မှုများကို အမွေဆက်ခံခွင့်ရှိသည်"ဟု၍သာသစ်တောပိုင်ဆိုင်သူများ၏အခွင့်အရေးကိုထည့်သွင်းဖော်ပြထားပါသည်။) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်တွင် အကျိုးအမြတ်ခွဲဝေသည့်စနစ်များ ပါဝင်ထည့်သွင်းရမည်ဖြစ်သည်။ စီမံချက်ပါဝင်သည့်လုပ်ငန်းတိုင်းကို ဆောင်ရွက်ခွင့်ပြုထားပြီး လုပ်ငန်းအသစ်များဆောင်ရွက်ရန် စီစဉ်လျာထားပါက ၎င်းတို့ကိုစီမံချက်တွင်ထည့်သွင်းဖြည့်စွက်ကာ အတည်ပြုချက်ရယူ တင်ပြတောင်းခံ ရမည်ဖြစ်သည်။

၂၀၁၀/၂၀၁၁ခုနှစ်မှ ၂၀၃၀/၂၀၃၁ ခုနှစ်အထိ ရေးဆွဲထားသည့် အမျိုးသားသစ်တောကဏ္ဍာပင်မ စီမံကိန်းတွင် စီမံကိန်းကာလ နှစ် ၃၀ အတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ လျာထားချက်အား ကေသန်းပေါင်း ၂.၂၇ သန်းခန့် (ဟက်တာပေါင်း ၉၁၉,၀၂၈ခန့်)ထည့်သွင်းထားပြီး ၂၀၂၀ ပြည့်နှစ် (နှစ်ပေါင်း ၂၀ ကြာပြီးသည့်) အထိ စုစုပေါင်း လျာထားဧရိယာ၏ ၃၇.၈ ရာခိုင်နှုန်းနှင့်ညီမျှသော ဧရိယာကေပေါင်း ၈၅၉,၀၉၀ ခန့် (ခန့်မှန်း ဟက်တာပေါင်း ၃၄၇,၄၀၄ ) အထိ ဖြည့်ဆည်းနိုင်ခဲ့ပြီးဖြစ်သည်။ အိမ်ထောင်စုပေါင်း ၁၆၁,၆၉၆ ခန့် ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအသုံးပြုသူများအဖွဲ့စုစုပေါင်း ၆,၃၆၆ အား သစ်တောများ စီမံအုပ်ချုပ်ရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်များ ထုတ်ပေးထားရှိပြီး ဖြစ်ပါသည်။[2]

## ပထမအဆင့်တွေ့ရှိချက်များ

မြန်မာနိုင်ငံမှ စစ်တမ်းဖြေဆိုသူများအနက် ၁၅ ရာခိုင်နှုန်းကျော်က ကပ်ရောဂါထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်တားမြစ်ချက်များ ထုတ်ပြန်ပြီးနောက် ၎င်းတို့၏ အစုအဖွဲ့ပိုင်သစ်တောစီမံခန့်ခွဲမှု ကော်မတီသည် အစုအဖွဲ့ပိုင် သစ်တောရန်ပုံငွေမှ ၎င်းတို့အားချေးငွေထုတ်ပေးခဲ့ကြောင်း ဖြေဆိုခဲ့ကြသည်။ လူနှင့် သစ်တောများဗဟိုဌာန (RECOFTC) သည် မြန်မာနိုင်ငံတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအနေဖြင့် သဘာဝပတ်ဝန်းကျင် နှင့် အဖွဲ့ဝင်များ ထံသို့ ရင်းနှီးမြှုပ်နှံခွဲဝေမှုများ ပြုလုပ်နိုင်သည့် ရန်ပုံငွေများ ထူထောင်စီမံခန့်ခွဲနိုင်ရန် ကူညီပံ့ပိုးလုပ်ဆောင်လျက်ရှိသည်။ အစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအဖွဲ့သည် ရန်ပုံငွေစနစ်နှင့် ပတ်သက်၍ ဆီလျော်မှန်ကန်စွာ ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ လုပ်ဆောင်ပုံကို တနိုင်ငံလုံး အတိုင်းအတာသာမက ဒေသတွင်း အဆင့်ထိတိုင်အောင် ကျယ်ပြန့်စွာ ပုံတူပွားတိုးချဲ့ဆောင်ရွက်သင့်သည်ကို အထက်ပါ တွေ့ရှိချက်များက ထောက်ပြလျက်ရှိပါသည်။ ကျွန်ုပ်တို့အနေဖြင့် အရေးပေါ် အကြပ်တည်းကာလအတွင်း ချေးငွေ နှင့် အခြားသော အထောက်အပံ့တို့ကြောင့် များစွာ အကျိုးရှိစေခဲ့ သည့် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုသုတေသနပြုလေ့လာရန် အကြံပြုလိုက်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းမှ ရရှိလာသောအချက်အလက်များသည် နိုင်ငံအဝှမ်း ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ ရန်ပုံငွေစနစ် တိုးတက်ကောင်းမွန်လာစေရန်နှင့် ယင်းစနစ် ဖော်ထုတ်ရေးဆွဲရာတွင် အထောက်အကူပြုမည် ဖြစ်ပါသည်။

ဤလေ့လာချက်တွင် ပါဝင်သည့် နိုင်ငံတိုင်းနီးပါးရှိစစ်တမ်းဖြေဆိုသူများက အလုပ်အကိုင်/ အသက်မွေးမှုသင်တန်း၊ ပညာရေးနှင့် အခြားသောအ လုပ်အကိုင်အခွင့်အလမ်းများကို လက်ရှိအကြပ်အတည်းမှ ပြန်လည်ထူထောင်ရာတွင် အရေးတကြီး လိုအပ်ချက်များအဖြစ် ဖြေဆိုပြောကြားခဲ့ကြသည်။ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အဖွဲ့ဝင်များကလည်း ၎င်းတို့အနေဖြင့် အခြားသောအဖွဲ့ဝင် မဟုတ်သူများထက် အဆိုပါအချက်များကို ပိုမိုလိုအပ်ကြောင်း ဖြေဆိုထားပါသည်။ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အဖွဲ့ဝင်များထက် အဖွဲ့ဝင် မဟုတ်သူများက ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်တားမြစ်ချက်များရှိခြင်းကြောင့် ကောင်းကျိုးသက်ရောက်မှုများ ပိုမိုခံစားရကြောင်းပြောကြားကြပြီး ကောင်းကျိုးများအနေဖြင့် အရပ်ဝေးဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်နေကြသူများမှာ မိမိတို့ ဇာတိရှိအိမ်သို့ ပြန်လည်ရောက်လာသဖြင့် မိသားစုဝင်များ ပြန်လည်တွေ့ဆုံကြရသည်ကို ထောက်ပြကြပါသည်။ ဤအချက်အရ မြန်မာနိုင်ငံရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများသည် လုံလောက်သည့် အလုပ်ကိုင်အခွင့်အလမ်းများ ထောက်ပံ့နိုင်ခြင်းမရှိကြောင်း ထောက်ရှုနိုင်လေသည်။ ထိုတွေ့ရှိချက်မှာအံ့အားသင့်ဖွယ်မရှိပေ။

မြန်မာနိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် နိုင်ငံ့နယ်နမိတ်တံခါးဖွင့်ခြင်း (ကပ်ရောဂါမဖြစ်ပွားမီ) နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို ဒေသတွင်းနိုင်ငံများအကြား နောက်အကျဆုံးပြုလုပ်ခဲ့သည့် နိုင်ငံတနိုင်ငံဖြစ်သည်။ သစ်တောများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်တည်ထောင်ခြင်းတို့ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများမှာထိရောက်မှုရှိသော်လည်းစီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်များ ဖွံ့ဖြိုးလာရေး ဦးတည်သည့်ဆောင်ရွက်ချက်များအား ဟန့်တားလျက်ရှိသည့် နိုင်ငံ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကြောင့် လုပ်ငန်းများ ရေးဆွဲဖော်ထုတ်စီစဉ်ခြင်းမှာ ရှုပ်ထွေးလှပေသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းစီမံခန့်ခွဲမှုနှင့် စီမံကိန်းရေးဆွဲမှုဆိုင်ရာ ဥပဒေများ/ပြဋ္ဌာန်းချက်များရိုးရှင်း လွယ်ကူရေးနှင့် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ၎င်းတို့ ထိန်းသိမ်းကာကွယ်လျက်ရှိသည့် သစ်တောများမှ အကျိုးအမြတ်များ စဉ်ဆက်မပြတ် ခံစားရရှိစေနိုင်ရန်၎င်းတို့အား သင်တန်းပို့ချမှုနှင့် နည်းပညာအထောက်အပံ့ပေးရေးတို့ကို ရန်ပုံငွေထောက်ပံ့သည့်အဖွဲ့အစည်းများမှ အလေးထားဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါသည်။

မြန်မာနိုင်ငံရှိ စစ်တမ်းဖြေဆိုသူ အစုအဖွဲ့ပိုင်သစ်တောအဖွဲ့ဝင်များအနက် ၈၀ ရာခိုင်နှုန်းကျော်က ကပ်ရောဂါထိန်းချုပ်ရေးဆိုင်ရာကန့်သတ်တားမြစ်မှုများချမှတ်ပြီးနောက်၎င်းတို့၏သစ်တောများအားအသုံးပြုသည့် နည်းလမ်းများဆိုင်ရာ အပြောင်းအလဲများကို ဖြေဆိုခဲ့ကြသည်။ အစုအဖွဲ့ပိုင်သစ်တောအဖွဲ့ဝင် မဟုတ်သူများအနက် ၄၂.၁ ရာခိုင်နှုန်းကလည်း အလားတူဖြေကြားခဲ့သည်။ သစ်တောအသုံးပြုသူများ၏ သစ်တောထွက်ပစ္စည်းများ ရောင်းချနိုင်မှုအပေါ် ကပ်ရောဂါထိန်းချုပ်ရေး သတ်မှတ်ချက်များက အဟန့်အတားဖြစ်စေသည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ သစ်တောအသုံးပြုမှုပြောင်းလဲခြင်းဆိုင်ရာ အဓိကအကြောင်းအရင်း ၃ ခုမှာ ခရီးသွားလာမှုကန့်သတ်တားမြစ်ချက်များ၊ ဈေးနှုန်းကျဆင်းမှုနှင့် ဝယ်ယူသူနည်းပါးခြင်း (သို့) သယ်ယူပို့ဆောင်မှုခက်ခဲခြင်း စသည်တို့ကြောင့် ဖြစ်သည်။ အသုံးပြုသူ အဖွဲ့ဝင်မဟုတ်သူများထက် အဖွဲ့ဝင်များစွာတို့က အဆိုပါအကြောင်းအရင်း ၃ ချက်ကြောင့် ဖြစ်သည်ဟု ဖြေဆိုခဲ့ကြသည်။ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဝင် မဟုတ်သူများထက် အဖွဲ့ဝင်တော်တော်များများက ၎င်းတို့၏ စုဆောင်းငွေများကို အရေးပေါ်အခြေအနေအဖြစ် အသုံးပြုခဲ့ပါသည်။ အာရှ-ပစိဖိတ် ဒေသတွင်းရှိ နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ထိုကဲ့သို့ အစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူ အဖွဲ့ဝင်များနှင့် အဖွဲ့ဝင် မဟုတ်သူများအကြား ခြားနားချက်များမှာ မြန်မာနိုင်ငံရှိ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ လက်တလော ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ဆက်နွယ်လျက်ရှိနိုင်ပါသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုများကြောင့် ကျား၊မရေးရာဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သိသိသာသာ ကွာဟချက်များ မရှိခဲ့ပါဟု စစ်တမ်းဖြေဆိုသူများက ဖြေကြားခဲ့ပါသည်။ အဆိုပါတွေ့ရှိချက်သည် ကမ္ဘာ့မီဒီယာများတွင် ရေးသားဖော်ပြချက်များ နှင့် RECOFTC ၏ ကျား၊မအရေးကိစ္စဆိုင်ရာ အတွေ့အကြုံများကို ထည့်သွင်းစဉ်းစား ချိန်ထိုးကြည့်ပါက အံ့အားသင့်ဖွယ် ကောင်းလှပေသည်။ ဤကပ်ရောဂါသည် အမျိုးသမီးများ နှင့် အမျိုးသမီးများကြားတွင် ကျား၊မရေးရာ ကွာဟချက်ဖြစ်ပေါ်ရလောက်သည်အထိ သက်ရောက်မှုရှိကြောင်း မတွေ့ရခြင်း၊ (တနည်းအားဖြင့်) ကပ်ရောဂါသက်ရောက်မှုကြောင့် ကျား၊မ မညီမျှမှု ပြဿနာဟူ၍ များစွာမရှိကြောင်း ဖြေဆိုခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် ကပ်ရောဂါ မဖြစ်ပွားမီ (ယခင်တည်းက) ရှိနှင့်ပြီးသော ကျား၊မရေးရာ မညီမျှမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်ဟုလည်း သုံးသပ်နိုင်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် ဒေသခံပြည်သူများ၏ ကျား၊မအခြေပြု မမျှတမှုများအား နားလည်သိရှိဖော်ထုတ်နိုင်စွမ်းကို ပို၍လေ့လာ ဆန်းစစ်မှုများပြုလုပ်ရန် တိုက်တွန်းလိုပါသည်။ တဆက်တည်းမှာပင် (RECOFTC ၏ WAVES အစီအစဉ်က ပြုလုပ်လျက် ရှိသည့်) ကျား၊မရေးရာအသိအမြင်ဖွင့်ခြင်းနှင့် ဆန်းစစ်ခြင်းဆိုင်ရာကဲ့သို့သော သင်တန်း များကို နိုင်ငံအဝှမ်း ဆက်လက်တိုးချဲ့ပြုလုပ်ရန် အကြံပြုပါသည်။

မြန်မာနိုင်ငံမှ စစ်တမ်းဖြေကြားသူ ၄၃ ရာခိုင်နှုန်းခန့်က သစ်သယံဇာတခိုးထုတ်မှုများ (သစ်တောပြစ်မှုများ) တိုး၍ ဖြစ်ပွားလျက်ရှိကြောင်းနှင့် စစ်တမ်းဖြေဆိုသူ ၂၀ ရာခိုင်နှုန်းကလည်း အဆိုပါဖြစ်ရပ်များ ကြီးမားကျယ်ပြန့်စွာ ဖြစ်ပွားလျက်ရှိသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ စစ်တမ်းဖြေဆိုသူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဝင် (၄၁ ရာခိုင်နှုန်း) ထက်ဝက်နီးပါးက အစုအဖွဲ့ပိုင်တောစီမံခန့်ခွဲမှု ကော်မတီများမှ ကူညီပံ့ပိုးမှုများ ရရှိကြောင်း ဖြေကြားခဲ့ပြီး ၈.၃ ရာခိုင်နှုန်းခန့်သော စစ်တမ်းဖြေသူများသာလျှင် ခရီးသွားလာမှုပိတ်ပင်တားမြစ်ချက်များသည် ၎င်းတို့၏ သစ်တောထွက်ပစ္စည်းများ ထုတ်ယူ သုံးစွဲမှုများပေါ် အဟန့်အတားများဖြစ်စေကြောင်း ပြောဆိုခဲ့သည်။

## ဒုတိယအဆင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၊ အသက်မွေးမှုအရင်းအနှီး များနှင့် ပတ်သက်သည့် တွေ့ရှိချက်များ

ဤလေ့လာချက်၏ ဒုတိယအဆင့်တွင် စစ်တမ်း ကောက်ယူခဲ့သည့် သစ်တောမှီခို ကျေးရွာဒေသနှစ်ခုမှာ တနင်္သာရီတိုင်း၊ ထားဝယ် ခရိုင်အတွင်းရှိ ဟိန်းဇဲကျေးရွာနှင့် ပိန္နဲတောကျေးရွာတို့ ဖြစ်ကြသည်။ ဒုတိယအဆင့် စစ်တမ်းကောက်ယူချက်များအရ ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် ဆက်နွယ်သည့် အသက်မွေးဝမ်းကြောင်း ဆိုင်ရာ အရင်းအနှီးများမှ အောက်ပါအတိုင်း အထောက်အကူပြုခဲ့ သည်ကို တွေ့ရှိရသည်။

- **လူ့သားအရင်းအမြစ်ဆိုင်ရာ အရင်းနှီးများ** – အစုအဖွဲ့ပိုင် သစ်တောစီမံခန့်ခွဲမှု ကော်မတီများအနေဖြင့် လက်ခံရရှိသည့် ပစ္စည်းပစ္စယ အထောက်အပံ့များအား ဒေသခံပြည်သူများအကြား အညီအမျှခွဲဝေစီမံပြီး အသိအမြင်ဖွင့် မျှဝေဆွေးနွေးခြင်းဖြင့် ထိခိုက်ဆုံးရှုံးနိုင်ချေတို့ကို လျှော့ချရာတွင် ၎င်းတို့ သင်တန်းများ တက်ရောက်စဉ် လေ့လာရရှိခဲ့သော စွမ်းဆောင်ရည်များသည် အထောက်အကူပြုခဲ့ပါသည်။
- **လူမှုအရင်းအနှီးများ** – ကျေးရွာဒေသနှစ်ခုလုံးသည် ပြင်ပအဖွဲ့ အစည်းများမှ ကူညီပံ့ပိုးမှုများရယူနိုင်ရန် ၎င်းတို့၏ ကွန်ရက် အသိုင်းအဝိုင်းကို အသုံးပြုခဲ့သည်။ ၎င်းတို့ရရှိခဲ့သော ကူညီပံ့ပိုးမှု များတွင် ကင်းလှည့်စစ်ဆေးရန် လိုအပ်သော ကိရိယာများ၊ နှာခေါင်းစီး၊ လက်သန့်ဆေးရည်၊ အစားအစာနှင့် ငွေကြေး အနည်းငယ်တို့ ပါဝင်သည်။
- **သဘာဝအရင်းအနှီးများ** – ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၂ ခုလုံးမှ အဖွဲ့ဝင်များ (အထူးသဖြင့် နွမ်းပါးသော အိမ်ထောင်စု များ) သည် ကြပ်တည်းသည့်ကာလများတွင် ၎င်းတို့တနိုင်တပိုင် ရပ်တည်ရေးအတွက် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း များကို ထုတ်ယူသုံးစွဲခဲ့သည်။ ဟိန်းဇဲကျေးရွာ၏ အစုအဖွဲ့ပိုင် တောသည် အရည်အသွေးကောင်းသော တောများဖြစ်သော်လည်း ပိန္နဲတောကျေးရွာ၏ အစုအဖွဲ့ပိုင် တောများမှာ အရည်အသွေး ညံ့ပါ သည်။ ထိုကြောင့်ပင် ဟိန်းဇဲကျေးရွာသည် ထုတ်ယူသုံးပြုနိုင်သည့် သယံဇာတများ ပိုမိုရရှိခဲ့သည်။
- **ငွေကြေးအရင်းအနှီးများ** – လည်ပတ်ရန်ပုံငွေ ထားရှိခြင်းကြောင့် အတိုင်းအတာတခုအထိ ငွေကြေးဝန်ထုပ်ဝန်ပိုး လျော့ကျ သက်သာခဲ့လေသည်။ အဆိုပါ ရန်ပုံငွေသာ မရှိခဲ့ပါက နွမ်းပါးသည့် အိမ်ထောင်စုများသည် ၎င်းတို့ အသက်မွေးမှုအတွက် လိုအပ်သည့် ပစ္စည်းများဝယ်ယူနိုင်ရန် ပြင်ပပုဂ္ဂိုလ်များထံမှ အတိုးနှုန်းမြင့်မား စွာဖြင့် ချေးငွေရယူရမည်ဖြစ်သည်။ ကပ်ရောဂါကာလအတွင်း ဟိန်းဇဲကျေးရွာရှိ အစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအဖွဲ့ဝင် စုစုပေါင်း အိမ်ထောင်စု ၂၄ စုလုံးသည် ရန်ပုံငွေမှ ပေးအပ်သော ချေးငွေရယူခဲ့သည်။
- **ရုပ်ဝတ္ထုအရင်းအနှီးများ** – ဟိန်းဇဲကျေးရွာ၊ အစုအဖွဲ့ပိုင်သစ် တောအဖွဲ့ဝင်များမှလှူဒါန်းသည့် သစ်ဖြင့် ဆောက်လုပ်ထားသည့် အဆောက်အဦအား ရပ်ရွာအခြေပြုဌာန (Communinity centre) အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အသိအမြင် ဗဟုသုတများမျှဝေရာတွင် အသုံးပြုလျက်ရှိပါသည်။ ပိန္နဲတော အစုအဖွဲ့ပိုင်တောမှာမူ အတန်းအစား ကျဆင်းလျက်ရှိခြင်းကြောင့် သစ်ထောက်ပံ့နိုင်ခြင်းမရှိပေ။

  အဆိုပါဒေသနှစ်ခုအကြား နှင့် ၎င်းတို့၏ ကပ်ရောဂါရင်ဆိုင် နိုင်စွမ်းတို့အကြား အဓိက ခြားနားချက်မှာ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆောင်ရွက်ရာတွင် ဟိန်းဇဲကျေးရွာ၏ သစ်တောအရည် အသွေးမှာ ပိန္နဲတောကျေးရွာ၏ သစ်တောထက် ပိုမိုသာလွန် ကောင်းမွန်ခြင်း အချက်သာလျှင်ဖြစ်သည်။ ထိုအချက်ကြောင့်ပင် ဟိန်းဇဲကျေးရွာရှိ ဒေသခံများသည် သစ်မဟုတ်သည့် သစ်တော ထွက် ပစ္စည်းများကို ပိန္နဲတော ကျေးရွာသားများထက် ပိုမိုထုတ်ယူ သုံးပြုနိုင်ခြင်းဖြစ်သည်။ ထိုကြောင့်ပင်လျှင် ဟိန်းဇဲရွာသားများ သည် သစ်တန်ချိန် ၆ တန်ခန့်ကုန်ကျသည့် ရပ်ရွာဘုံပိုင် အဆောက်အဦးတည်ဆောက်ရန် လိုအပ်သည့်သစ်ကို ခုတ်ယူ လှူဒါန်း နိုင်ခဲ့ခြင်းဖြစ်သည်။ ပိန္နဲတော ကျေးရွာတွင်မူ လုံလောက် သည့် သစ်တောသယံဇာတ မရှိခြင်းကြောင့် သစ်ထုတ်လုပ် နိုင်ခြင်းမရှိပေ။

## သုံးသပ်ချက်များ နှင့် အကြံပြုချက်များ

မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများသည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများမှရရှိသည့်အသက်မွေးဝမ်းကြောင်း ဆိုင်ရာ အရင်းအနှီး ၅ မျိုးကို အသုံးပြုလျက် ကပ်ရောဂါ၏ သက်ရောက်မှုများအား ရင်ဆိုင်ကျော်လွှားလျက်ရှိသည်။ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းသည် ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေး ကာလများတွင် အရေးပါသော အခန်းကဏ္ဍ မှ ပါဝင်နေမည်ဖြစ်သော်လည်း ဒေသခံလူထုအား ပြန်လည်ထူထောင် ရာတွင် ကူညီနိုင်ရန် ဖော်ပြပါအရင်းအနှီးတခုချင်းစီ ခိုင်မာအားကောင်း လာစေရေးမှာလည်း မဖြစ်မနေ လိုအပ်ပေသည်။[3]

အောက်ဖော်ပြပါ မဟာဗျူဟာကျလုပ်ဆောင်ချက်များသည် ပြည်တွင်းရှိ ကပ်ရောဂါကြောင့် ပိုမို ထိခိုက်ခံစားရသည့်သူများအတွက် ပြန်လည်ထူထောင်ရေးအပေါ် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများ၏ အထောက်အကူပြုမှုကို သေချာစေမည်ဖြစ်ပါသည်–

- **အစုအဖွဲ့ပိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များသည် ဒေသခံပြည်သူများ (အထူးသဖြင့်) အမျိုးသမီးများ၊ နွမ်းပါး အိမ်ထောင်စုများနှင့် အခြားခွဲခြားဖယ်ကျဉ်ခံရသည့် အုပ်စုများ၏ ထိခိုက် ခံစားလွယ်မှုများကို ကုစားဖြေရှင်းပေးနိုင်ရန် အလို့ငှာ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များ ရေးဆွဲရာတွင် ထိခိုက်ခံစားလွယ်မှု လေ့လာဆန်းစစ်ချက်များ ပေါင်းစပ်လုပ်ကိုင်ခြင်း** – နိုင်ငံရှိ ကျေးလက်နေ ပြည်သူစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့်မှာ အမျိုးသား အဆင့်ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက် အောက်တွင် အကျုံးဝင်လျက်ရှိပြီး လူ ၆ ဦးအနက် ၁ ဦးမှာ ၎င်းတို့၏ အခြေခံ စားဝတ်နေရေး လိုအပ်ချက် ပြည့်မီရန် ရုန်းကန်နေရလျက်ရှိသည်။[4] ၂၀၁၉ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များတွင် ကျား၊မ တန်းတူ ညီမျှမှုအား အစုအဖွဲ့ပိုင် သစ်တောစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရာတွင် ထည့်သွင်းစဉ်းစား ရမည်ဟုဖော်ပြထားသော်လည်း အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အများစု (ဤလေ့လာချက်တွင် ပါဝင်သည့် အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်း ၂ ခုအပါအဝင်) တွင် လိုက်နာဆောင်ရွက်ခြင်းမရှိသေးပေ။ လက်ရှိ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲသည့်လုပ်ငန်းစဉ် များတွင်လည်း ထိခိုက်ခံစားလွယ်မှု လေ့လာဆန်းစစ်ချက် ဆောင်ရွက်ရမည်ဟု သတ်မှတ်ချက်မရှိသေးပေ။ မြန်မာနိုင်ငံရှိ တရားဝင်ခွင့်ပြုလုပ်ကိုင်လျက် ရှိသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ အားလုံးတွင် စီမံခန့်ခွဲမှုကော်မတီနှင့် အတည်ပြုထားသည့် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရှိကြသည်ကို သိရှိနားလည်ထားသည့်အလျောက် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ အစည်းများသည် သစ်တောဦးစီးဌာန၊ (ကျားမတန်းတူညီမျှမှု ဖော်ဆောင်ရေးကွန်ရက် – GEN ကဲ့သို့သော) အခြားသောအကျိုး သက်ဆိုင်သူများနှင့်ပူးပေါင်း၍ အစုအဖွဲ့ပိုင်တောများ၊ အုပ်ချုပ် လုပ်ကိုင်မှုစီမံချက်များကို ပြန်လည်ပြင်ဆင်ရေးဆွဲပြီး စီမံခန့်ခွဲမှု ကော်မတီပြင်ဆင်ဖွဲ့စည်းနိုင်ရန် နမူနာပုံစံ/ဆောင်ရွက်ချက်များကို ရှေ့ပြေးဖော်ထုတ် အကောင် အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ လက်တလောကာလများတွင် ထိုသို့ ရှေ့ပြေးဆောင်ရွက်ရာ၌ အသုံးပြုသူအဖွဲ့ဝင်များအားလုံး၏ လိုအပ်ချက်များနှင့် ထိခိုက် ခံစားလွယ်မှုများကို ထည့်သွင်း စဉ်းစားကာ အစုအဖွဲ့ပိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲရာတွင် ပေါင်းစပ်ပါဝင်စေပြီး ခွဲခြားဖယ်ကျဉ်ခံ အဖွဲ့ဝင်များကိုလည်း အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဦးစီးဆောင်ရွက်ရာတွင် မျှတစွာ ကိုယ်စားပြု ပါဝင်စေမှုကို သေချာစေရန်အလို့ငှာ ထိခိုက်ခံစားလွယ်မှု လေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲသည့် လုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ကိုင်စေပြီး မြို့နယ်အချို့ရှိ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများတွင် အဆိုပါ လေ့လာဆန်းစစ်မှုကို ကနဦး ပြုလုပ်သင့်ပါသည်။
- **မြန်မာနိုင်ငံရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တိုင်းအတွက် လည်ပတ်ရန်ပုံငွေများ ထားရှိခြင်း** – အစိုးရ၏ ချေးငွေထုတ်ပေးသည့် လုပ်ငန်းစနစ်များသည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းအဖွဲ့ဝင်အများစု၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးသော ကျေးလက်နေ အိမ်ထောင်စုများ မတတ်နိုင် သည့် အပေါင်ပစ္စည်း နှင့် အခြားလိုအပ်ချက်များကို များသော အားဖြင့် ချမှတ်ထားရှိကြလေသည်။ ကျေးလက်ဒေသများရှိ အပေါင်ပစ္စည်းမလိုအပ်သော ချေးငွေများ၏ အတိုးနှုန်းများမှာ (တလလျှင် ၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း အထိရှိကြပြီး[5]) မြင့်မားကြလေသည်။ ထောက်ပံ့ငွေ (သို့) အခြားအရင်းအမြစ် များကိုသုံး၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆိုင်ရာလည်ပတ် ရန်ပုံငွေထားရှိခြင်းဖြင့် အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းအဖွဲ့ဝင်များ၏ အသက်မွေးမှု လုပ်ငန်းများအား တိုးတက် ကောင်းမွန်လာစေရန် ပံ့ပိုးပေးနိုင်သည့်အပြင် အဆိုပါ ရန်ပုံငွေအား ကိုဗစ်–၁၉ ကပ်ရောဂါ (သို့) သဘာဝဘေးအန္တရာယ်ကဲ့သို့သော အရေးပေါ် အခြေအနေများကို ရင်ဆိုင်ကျော်လွှားရာတွင် အသုံးပြု သည့် လုပ်ငန်းစနစ်တခုအနေဖြင့်လည်း အသုံးပြုနိုင်မည်ဖြစ် သည်။ သုတေသနပြုလေ့လာခဲ့သည့် ကျေးရွာ ၂ ခုတွင် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဝင်များသည် လည်ပတ် ရန်ပုံငွေများကို ၎င်းတို့၏ အသက်မွေးမှုအထောက်အပံ့ ဖြစ်စေ ရုံသာမက သစ်တောအရည်အသွေး တိုးတက်လာစေရန် စီမံ အုပ်ချုပ်ရာတွင်လည်း ထိရောက်စွာ အသုံးပြုခဲ့သည်ကို တွေ့ရှိရ သည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ လည်ပတ်ရန်ပုံငွေစနစ်[6] (သို့) အလားတူအစီအစဉ်များ[7] ချမှတ် ဆောင်ရွက်ခြင်းမှ ရရှိလာသော အတွေ့အကြုံများသည် အဆိုပါ ရန်ပုံငွေစနစ်အား ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ချမှတ်နိုင်ရေး ကာလတို နှင့် ကာလလတ် အစီအစဉ်များ ဖော်ထုတ်ရာတွင် အသုံးဝင်နိုင် မည်ဖြစ်သည်။ သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အပြင် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် ပတ်သက်၍ လည်ပတ် ရန်ပုံငွေများ ထူထောင်နိုင်ရေးအတွက် ဘဏ္ဍာငွေကြေးဆိုင်ရာ အခွင့်အလမ်းများဖော်ထုတ်ပြီး နည်းပညာဆိုင်ရာ ကူညီ ပံ့ပိုးမှုများ ပြုလုပ်နိုင်ရန် မြန်မာ့အသေးစား ချေးငွေလုပ်ငန်းရှင်များအသင်း နှင့် ပုဂ္ဂလိကဘဏ်များ ကဲ့သို့သော မိတ်ဖက်အဖွဲ့များကိုလည်း ချဉ်းကပ်၍ ပူးပေါင်းဆောင်ရွက်မှုပြုသင့်ပါသည်။

- **ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအတွင်း သီးနှံ သစ်တော ရောနှော စိုက်ပျိုးမှုများ မြှင့်တင်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းချက်များရေးဆွဲခြင်း၊ နည်းပညာ၊ ဘဏ္ဍာငွေကြေး ပံ့ပိုးမှုနှင့် အခြားသော ကူညီထောက်ပံ့မှုများပြုလုပ်ခြင်း** – ကပ်ရောဂါဖြစ်ပွားနေစဉ် ကာလများတွင် အစု အဖွဲ့ပိုင်သစ်တောလုပ်ငန်း အဖွဲ့ဝင်အများစုသည် ၎င်းတို့တနိုင်တပိုင်သုံးနိုင်ရေးအတွက် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို ၎င်းတို့၏ အစုအဖွဲ့ပိုင်တောများနှင့် နီးစပ်ရာ တောများမှ ထုတ်ယူသုံးစွဲပါသည်။ သီးနှံသစ်တော ရောနှောစိုက်ပျိုးမှုသည် အစာရေစာဖူလုံမှုနှင့် အသက်မွေးမှုဆိုင်ရာ လက်တလော လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်သည့် ကုန်ကျမှု ထိရောက်အကျိုးရှိသည့် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းတခုဖြစ်သော်လည်း ထိုနည်းစနစ်အား အစုအဖွဲ့ပိုင် သစ်တောများတွင် ကျယ်ပြန့်စွာ ကျင့်သုံးဆောင်ရွက်ကြခြင်းမရှိသေးပေ။ ၂၀၁၉ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များတွင် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း လုပ်ကိုင်ရာတွင် အစုအဖွဲ့တောအတွင်းရှိ ဒေသ အခြေအနေနှင့်ကိုက်ညီသည့် သီးနှံသစ်တော ရောနှော စိုက်ပျိုးသည့် စနစ်များ ကို ကျင့်သုံးရန် ခွင့်ပြုထားပြီး သစ်တောဦးစီးဌာနသည်လည်း မကြာသေးမီက အတည်ပြုထားသည့် သီးနှံသစ်တော ရောနှောစိုက်ပျိုးမှုဖွံ့ဖြိုးရေးဆိုင်ရာ အာဆီယံဒေသတွင်း လမ်းညွှန်ချက်နှင့်အညီ သီးနှံသစ်တော ရောနှောစိုက်ပျိုးမှု ဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာဆန်းစစ်ချက်တခုဆောင်ရွက် ပြီးစီးပြီးဖြစ်ပါသည်။ လက်တလော ကာလတွင် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများသည်နမူနာရှေ့ပြေးဆောင်ရွက်ချက်များပြုလုပ်ပြီး မြေပြင်အတွေ့အကြုံများနှင့် ထိရောက်ကောင်းမွန်သည့် အလေ့အထများ မျှဝေခြင်းအားဖြင့် သစ်တော ဦးစီးဌာန၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတွင် သီးနှံသစ်တော ရောနှောစိုက်ပျိုးမှုဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ချက်များအား ကူညီပံ့ပိုးသင့်ပါသည်။ ဆက်စပ်ဌာန ဆိုင်ရာများ (စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ငါးလုပ်ငန်း)နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစနစ်တခုဖြစ်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့သည် အဆိုပါ မိတ်ဖက်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ၊ ပံ့ပိုးမှုများကို ပေါင်းစပ်ရယူ ညှိနှိုင်းပေးနိုင်မည် ဖြစ်သည်။ သီးနှံသစ်တော ရောနှော စိုက်ခင်းများမှ ထွက်ကုန်များ ထုတ်လုပ်၊ အချောထည် ပြုလုပ်၊ ရောင်းချရာတွင် ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းပါဝင်မှုမှာလည်း အတိုင်းအတာတခုအထိ လိုအပ်မည်ဖြစ်ပြီး မြန်မာ့သီးနှံ၊ ပန်းပင် နှင့် ဟင်းသီး ဟင်းရွက်စိုက်ပျိုး ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်းကဲ့သို့သော မြန်မာ့ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ကြီးတွင် ပါဝင်သည့် သက်ဆိုင်ရာ အသင်းများနှင့် မိတ်ဖက်ပြုဆောင်ရွက်သင့်ပါသည်။

- **သတင်းအချက်အလက်မျှဝေမှု၊ အပြန်အလှန် ကူညီပံ့ပိုးမှု၊အစိုးရဌာနများနှင့်ညှိနှိုင်းပေါင်းစပ်မှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ကူညီပေးသည့် မိတ်ဖက်များနှင့် အစိုးရမဟုတ်သော အင်အားစုများ စသည်တို့အကြား ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့အားဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းအသုံးပြုသူများ အဖွဲ့များကွန်ရက်ကို ခိုင်မာအားကောင်းလာစေခြင်း** – ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းစဉ်များသည် လူ့စွမ်းအားနှင့်လူမှုအရင်းအနှီးများကို တည်ဆောက်မြှင့်တင်ပေးနိုင်ပါသည်။ ဤလေ့လာချက် တွေ့ရှိချက်များအရ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဝင်များသည် မြို့နယ်အဆင့် အသုံးပြုသူများအဖွဲ့ကွန်ရက်များနှင့် အခြားပြင်ပအဖွဲ့အစည်းများကဲ့သို့သော အခြားကွန်ရက်အဖွဲ့ဝင်များမှထံမှ ကူညီပံ့ပိုးမှုများစွာ ရရှိကြောင်းသိရှိရသည်။ အဆိုပါ ကွန်ရက်များကောင်းစွာ ချိတ်ဆက်လည်ပတ်နိုင်ခြင်းမရှိပါက အစုအဖွဲ့ပိုင်သစ်တော အဖွဲ့ဝင်များသည် နည်းပညာ၊ ငွေကြေးအထောက်အပံ့များအပါအဝင် သတင်းအချက်အလက်များ လက်လှမ်းမီ ရယူရာတွင် များစွာခက်ခဲနိုင်လေသည်။ ၂၀၁၉ ခုနှစ် ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များသည် သစ်တောဦးစီးဌာနအား အသုံးပြုသူအဖွဲ့များ အသီးသီးတို့ ကွန်ရက်ချိတ်ဆက်ဖွဲ့စည်းမှုအား ညှိနှိုင်းကူညီပေးရန် လုပ်ပိုင်ခွင့်ပြုထားပြီး (သက်တမ်းတိုးရန်ဆွေးနွေးဆဲဖြစ်သော) ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစီမံချက်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အခြေခံသည့် စီးပွားရေးလုပ်ငန်းများကွန်ရက်အား ချိတ်ဆက်ဖွဲ့စည်းရန် ပင်မလျာထားချက်တခုအဖြစ် ထည့်သွင်းထားပါသည်။ ရေတို/လက်တလောကာလတွင် ရှိပြီးသားအစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများအဖွဲ့ကွန်ရက်များ[8] ဖွဲ့စည်းရာတွင် ကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများသည် အဆိုပါ ကွန်ရက်များ မရှိသေးသည့် မြို့နယ်များအထိ ရှေ့ပြေးတိုးချဲ့ဖွဲ့စည်းနိုင်ရန် ကာလလတို နှင့် ကာလလတ်လုပ်ငန်းအစီအစဉ်များချမှတ်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ ရေရှည်အနေဖြင့် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့များသည် မြို့နယ်အဆင့် အသုံးပြုသူများအဖွဲ့ကွန်ရက်များအား တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ အမျိုးသားအဆင့်ကွန်ရက်များ နှင့် ချိတ်ဆက်ပေါင်းစပ်နိုင်မည့် နည်းလမ်းများကိုသာမက ၎င်းမြို့နယ် အဆင့်ကွန်ရက်များကို အထက်အဆင့်ဆင့်ရှိ အကျိုးသက်ဆိုင်သူများစွာ ပါဝင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အဖွဲ့များနှင့် ချိတ်ဆက်နိုင်မည့် နည်းလမ်းကိုပါ ရှာဖွေ ဖော်ထုတ်သင့်ပါသည်။

## End Note

[1] စစ်တမ်းကောက်ယူမေးမြန်းရာတွင် ပါဝင်ခဲ့သည့် အစုအဖွဲ့ပိုင်သစ်တောအဖွဲ့ဝင်မဟုတ်သူများမှာ သစ်တောအပေါ် မှီခိုလျက်ရှိသည့် အနီးအနားရှိ ကျေးရွာဒေသများတွင်နေထိုင်ကြသော ဒေသခံပြည်သူများ ဖြစ်ကြသော်လည်း တရားဝင် CF အသုံးပြုသူအဖွဲ့များမဟုတ်ကြပေ။

[2] ဒေါက်တာသောင်းနိုင်ဦး၊ ၂၀၂၁ ၏ "မြန်မာသစ်တောများပြန်လည်တည်ထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း (FREDIP)"နှင့်ပတ်သက်သည့် POWER POINT တင်ပြချက်

[3] အချက်အလက်အားလုံးကို မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နိုင်ငံရေး အပြောင်းအလဲမတိုင်မီ ကောက်ယူထားခဲ့ခြင်းဖြစ်ပြီး ၎င်းဖြစ်ရပ်၏ သက်ရောက်မှုအတိုင်းအဆ အပြည့်အစုံအား ဤစာတမ်းရေးသားချိန်တွင် ထည့်သွင်းစဉ်းစားခဲ့ခြင်း မရှိပေ။ အခြေခံဝန်ဆောင်မှုလိုအပ်ချက်များနှင့် စီးပွားရေး၊ လူမှုရေးမတည်ငြိမ်မှုများကြောင့် ဖြစ်ပေါ်လာသော ရိုက်ခတ်မှုများအပေါ် ဒေသခံပြည်သူများ၏ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းကို ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှ ကူညီမြှင့်တင်ပေးသည့် အခြေအနေတွင်ရှိသဖြင့် ဤလေ့လာတွေ့ရှိချက်များသည် ပိုမိုသက်ဆိုင် အကျုံးဝင်လျက်ရှိနေမည်ဖြစ်သည်။

[4] ကမ္ဘာ့ဘဏ်၏ ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်သည့် မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုလေ့လာဆန်းစစ်ချက်– အပိုင်း–၁ နှင့် ၂ ( အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော) HTTP://DOCUMENTS.WORLDBANK.ORG/CURATED/EN/829581512375610375/AN–ANALYSIS–OF–POVERTY–IN–MYANMAR.

[5] မြန်မာတိုင်းမ်သတင်းဌာနက ၂၀၁၈ ခုနှစ်တွင် ပြင်ပအလွတ်သဘောငွေချေးအတိုးနှုန်းမှာ တလလျှင် ၂ ရာခိုင်နှုန်းရှိသည်ဟုသတင်းရေးသားတင်ပြခဲ့သည်။ ( SEE THANT, HTOO. 2018. INFORMAL LENDING IN RURAL AREAS STILL HIGH: SURVEY. MYANMAR TIMES, 29 JUNE 2018– HTTPS://WWW.MMTIMES.COM/NEWS/INFORMAL–LENDING–RURAL–AREAS–STILL–HIGH–SURVEY.HTML#:~:TEXT=THE%20MYANMAR%20TIMES%20UNDERSTANDS%20THAT,WHICH%20IS%2024PC%20A%20YEA)၂၀၂၁ ခုနှစ်အစောပိုင်းကာလများတွင် RECOFTC မိတ်ဖက်အဖွဲ့များကအပေါင်ပစ္စည်းမပါဘဲ ငွေချေးပါက အတိုးနှုန်းမှာ တလလျှင် ၅ မှ ၁၀ ရာခိုင်နှုန်းအထိရှိသည်ဟုတင်ပြခဲ့သည်။

[6] ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလအထိ နော်ဝေအစိုးရ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် RECOFTC မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတိုးချဲ့မြှင့်တင်ရေးစီမံကိန်းအောက်တွင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ် ၇ ခုရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများအဖွဲ့ စုစုပေါင်း ၉၄ ခုအား လှည့်ပတ်ရန်ပုံငွေတည်ထောင်နိုင်ရန် ကူညီပံ့ပိုးပေးခဲ့သည်။

[7] ဥပမာအားဖြင့် ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်စီမံကိန်း

[8] ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတိုးချဲ့မြှင့်တင်ရေးစီမံကိန်းသည် မြန်မာနိုင်ငံ၊ တိုင်းဒေသကြီး/ပြည်နယ် ၇ ခုရှိ မြို့နယ်အဆင့် ကွန်ယက်များဖွဲ့စည်းလည်ပတ်နိုင်ရန် ကူညီပံ့ပိုးခဲ့ပြီး ဥရောပသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် RECOFTC မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် "မဲခေါင်သစ်တောများအတွက် ဒေသခံတို့၏ အသံ"စီမံကိန်းသည် တနင်္သာရီတိုင်းဒေသကြီး Dawna Tenasserim ဒေသတဝှမ်းရှိ အစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများအဖွဲ့ဝင်များဆိုင်ရာ ကွန်ရက်ကိုကူညီပံ့ပိုးပေးခဲ့သည်။

RECOFTC အဖွဲ့၏ လုပ်ငန်းစဉ်မှာ အာရှပစိဖိတ်ဒေသ အတွင်းရှိ ရေရှည်တည်တံ့သော သစ်တောရေမြေ တောတောင်များတွင် နေထိုင်ကြသော ဒေသခံပြည်သူများ၏ ပိုမို ခိုင်မာသည့် အခွင့်အရေးများ၊ ပိုမို ကောင်းမွန်သည့် အုပ်ချုပ်မှုနှင့် မျှတသည့် အကျိုးအမြတ်များအတွက် စွမ်းဆောင်ရည် တိုးမြှင့်ပေးရန် ဖြစ်ပါသည်။

RECOFTC အဖွဲ့သည် သစ်တောကဏ္ဍတွင် ထူးခြား၍ အရေးပါသော နေရာတစ်ခုကို ယူထားပါသည်။ ဤအဖွဲ့သည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအတွက် စွမ်းဆောင်ရည် တိုးတက်စေရေးကို အထူးပြုဆောင်ရွက်သော အကျိုးအမြတ်မယူသည့် တစ်ခုတည်းသော နိုင်ငံတကာ အဖွဲ့အစည်းဖြစ်ပါသည်။ RECOFTC အဖွဲ့သည် အာရှ ပစိဖိတ်ဒေသနှင့် အပြင်ဖက်ရှိ အစိုးရများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဒေသခံပြည်သူများ၊ သုတေသနနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ နှင့် မဟာဗျူဟာမြောက် ကွန်ရက်များနှင့် ထိရောက်သောမိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်လျှက်ရှိပါသည်။ နှစ်(၃၀)ကျော် သက်တမ်းရှိသည့် နိုင်ငံတကာ အတွေ့အကြုံ၊ သုတေသန နှင့် ဆန်းစစ်ခြင်းများ၊ သရုပ်ပြနေရာများနှင့် သင်တန်းသုံး ပစ္စည်းများ အပါအဝင် စွမ်းဆောင်ရည်တည်ဆောက်ခြင်း ဆိုင်ရာ အမြဲပြောင်းလဲ ဆန်းသစ်နေသည့် ချဉ်းကပ်မှုတို့ ဖြင့် RECOFTC အဖွဲ့သည် ပြည်သူများနှင့် သစ်တောများ အတွက် တီထွင်ဆန်းသစ်သော ဖြေရှင်းနည်းများကို ပံ့ပိုး ပေးလျှက်ရှိပါသည်။




**RECOFTC**
P.O. Box 1111
Kasetsart Post Office
Bangkok 10903, Thailand
T +66 (0)2 940 5700
F +66 (0)2 561 4880
info@recoftc.org
@RECOFTC


recoftc.org

## Our Sponsors

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

**Swiss Agency for Development and Cooperation SDC**

Sweden
Sverige

RECOFTC's work is made possible with the support of the Swiss Agency for Development and Cooperation (SDC) and the Swedish International Development Cooperation Agency (Sida).